ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၃ /၂၀၂၀

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

## အာဆီယံနိုင်ငံများအကြား အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) အရ အကောက်ခွန်သက်သာခွင့် လျှော့က်ထားမှုဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို "အာဆီယံနိုင်ငံများအကြား အတည်ပြုပို့ကုန်တင်ပို့သူ ကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာသည့်စနစ် (Self - Certification System) အရ အကောက်ခွန် သက်သာခွင့် လျှော့က်ထားမှုဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ" ဟုခေါ် တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ) **အတည်ပြုပိုင်ခွင့်ရှိသည့်အဖွဲ့အစည်း** (Issuing Authority) ဆိုသည်မှာ ကုန်ပစ္စည်း တင်ပို့သည့်နိုင်ငံ၏ တည်ဆဲဥပဒေအရ အတည်ပြုပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဂ) **အတည်ပြုပို့ကုန်တင်ပို့သူ** (Certified Exporter) ဆိုသည်မှာ ကုန်ပစ္စည်းတင်ပို့သည့် နိုင်ငံ၏ အတည်ပြုပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း (Issuing Authority) က အတည်ပြု ထားသည့် ကုန်ပစ္စည်းတင်ပို့သူကို ဆိုသည်။

(ဃ) **ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိသည့်အဖွဲ့အစည်း** (Competent Authority) ဆိုသည်မှာ အတည်ပြုပို့ကုန်တင်ပို့သူများအား ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းကို ဆိုသည်။

(င) **ကုန်ပစ္စည်းတင်သွင်းသူ** ဆိုသည်မှာ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေနှင့်အညီ ကုန်ပစ္စည်း တင်သွင်းခွင့်ရှိသူကို ဆိုသည်။

## အခန်း (၂)
## အကောက်ခွန်သက်သာခွင့် လျှောက်ထားခြင်း၊ လက်ခံစိစစ်ခြင်းနှင့်ခွင့်ပြုခြင်း

၃။ အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) ပါ သဘောတူညီချက်အရ ကုန်ပစ္စည်းတင်သွင်းသူသည် တင်သွင်း လာသော ကုန်ပစ္စည်းများအပေါ် အကောက်ခွန်သက်သာခွင့် ခံစားလိုပါက အကောက်ခွန်ဦးစီးဌာန သို့ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် အောက်ဖော်ပြပါစာရွက်စာတမ်းများနှင့်အတူ တစ်ပါတည်း တင်ပြလျှောက်ထားရမည်-

(က) အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့် စနစ် (Self-Certification System) အရ အကောက်ခွန်သက်သာခွင့်ပြုပါရန် ကုန် ပစ္စည်းတင်သွင်းသူကိုယ်တိုင် လျှောက်ထားသည့်လျှောက်လွှာ၊
(မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) ဖြင့် အကောက်ခွန်ကြေညာလွှာ တင်သွင်းပါက လျှောက်လွှာမလိုသော်လည်း စနစ်၏ သွင်းကုန်ကြေညာလွှာတွင် လျှော့နှုန်းခံစား လိုသည့် သက်ဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ သဘောတူညီချက် များအလိုက် ရွေးချယ်ရမည်။)

(ခ) အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ကုန်တန်ဖိုးစာရင်း မူရင်း (Original Invoice)၊

(ဂ) သင်္ဘောကုန်တင်တန်ဆာမူရင်း (Original Bill of Lading) သို့မဟုတ် လေကြောင်း ကုန်တင်တန်ဆာမူရင်း (Original Airway Bill) သို့မဟုတ် ယာဉ်ပေါ်ပါကုန်ပစ္စည်း စာရင်းမူရင်း (Original Truck Note or Original Cargo Receipt)၊

(ဃ) ကုန်ထုပ်ပိုးစာရင်းမူရင်း (Original Packing List)၊

(င) သွင်းကုန်လိုင်စင်လိုအပ်သည့် ကုန်ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်မူရင်း (Original Import Licence)၊
(မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System–MACCS) ဖြင့် အကောက်ခွန်ကြေညာလွှာတင်သွင်းပါက သွင်းကုန်လိုင်စင်အား ပူးတွဲတင်ပြရန် မလိုအပ်ပါ)

(စ) တတိယနိုင်ငံကထုတ်ပေးသည့် ကုန်တန်ဖိုးစာရင်း (Third Country Invoicing) ဖြင့် တင်သွင်းလာသည့်ကိစ္စရပ်များတွင် ပင်ရင်းဒေသသက်သေခံလက်မှတ်အဖြစ် ကုန်တန်ဖိုးစာရင်းမူရင်း (Original Invoice) အပြင် တတိယနိုင်ငံက ထုတ်ပေးသည့် ကုန်တန်ဖိုးစာရင်းမူရင်း (Original Third Country Invoice) ပါ ပူးတွဲတင်ပြရမည်၊

(ဆ) အခြားသက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ (Other Relevant Documents)။

၄။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) ဆိုင်ရာ ပင်ရင်းဒေသစည်းမျဉ်းများ၊ ပင်ရင်းဒေသသက်သေခံလက်မှတ် စိစစ်မှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (Operational Certification Procedure – OCP) တို့နှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ရမည်။

၅။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၄ အရ စိစစ်ရာတွင် မှန်ကန်ကြောင်းနှင့် အကောက်ခွန်သက်သာခွင့်ပြုသင့်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အကောက်ခွန်သက်သာခွင့်ပြုရမည်။

## အခန်း(၃)
## အငြင်းပွားဖွယ်ကိစ္စရပ်များနှင့် ငြင်းပယ်သည့်ကိစ္စရပ်များ

၆။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို စိစစ်ရာတွင် အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) ဆိုင်ရာ ပင်ရင်းဒေသစည်းမျဉ်းများ၊ ပင်ရင်းဒေသသက်သေခံလက်မှတ် စိစစ်မှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (Operational Certification Procedure – OCP) တို့နှင့်ကိုက်ညီမှု မရှိပါက အကောက်ခွန်သက်သာခွင့်အား ငြင်းပယ်ရမည်။

၇။ အကောက်ခွန်ဦးစီးဌာနသည် ကုန်တန်ဖိုးစာရင်း (Invoice) ၏ စစ်မှန်မှုရှိမရှိနှင့် ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်မှန်ကန်မှု ရှိမရှိ သံသယရှိလျှင်လည်းကောင်း၊ ကုန်စည်နှင့်စပ်လျဉ်းသည့်

သတင်းတိကျစွာရလိုလျှင်လည်းကောင်း ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံ၏ ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိသည့်အဖွဲ့အစည်း (Competent Authority) အား နောက်ကြောင်းပြန်စစ်ဆေးပေးရန် တောင်းဆိုနိုင်သည်။

၈။ အကောက်ခွန်ဦးစီးဌာနသည် ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိသည့်အဖွဲ့အစည်း (Competent Authority) ၏ နောက်ကြောင်းပြန်စစ်ဆေးမှုရလဒ်ကို ကျေနပ်မှုမရှိပါက ပင်ရင်းဒေသသက်သေခံလက်မှတ်စိစစ်မှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (Operational Certification Procedure – OCP) အရ သတ်မှတ်ထားသည့်ကာလအတွင်း ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံသို့ သွားရောက်စစ်ဆေးခြင်းကို ပြုလုပ်နိုင်သည်။

၉။ အကောက်ခွန်ဦးစီးဌာန၏ နောက်ကြောင်းပြန်စစ်ဆေးရန် တောင်းဆိုခြင်းအပေါ် သက်ဆိုင်ရာနိုင်ငံ၏ ကြီးကြပ်စစ်ဆေးပိုင်ခွင့်ရှိသည့်အဖွဲ့အစည်း (Competent Authority) က သတ်မှတ်ကာလအတွင်း အကြောင်းပြန်ကြားခြင်း မရှိလျှင်ဖြစ်စေ၊ ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံသို့ သွားရောက်စစ်ဆေးမှုရလဒ်အပေါ် ကျေနပ်မှုမရှိလျှင်ဖြစ်စေ အကောက်ခွန်ဦးစီးဌာနသည် အကောက်ခွန်သက်သာခွင့်အား ငြင်းပယ်နိုင်သည်။

၁၀။ အကောက်ခွန်ဦးစီးဌာနသည် နောက်ကြောင်းပြန်စစ်ဆေးမှုရလဒ်ကို စောင့်ဆိုင်းနေစဉ်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ကုန်ပစ္စည်း၏ အကောက်ခွန်နှုန်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) ၏ အဖွဲ့ဝင်နိုင်ငံများအပေါ် တစ်ပြေးညီကောက်ခံသည့်အကောက်ခွန်နှုန်း (Most Favoured Nation – MFN Rate) ဖြင့် ပေးဆောင်စေပြီး ထုတ်ယူခွင့်ပြုနိုင်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနသည် နောက်ကြောင်းပြန်စစ်ဆေးမှုရလဒ်ကို ကျေနပ်မှုရှိပါက အကောက်ခွန်သက်သာခွင့်ပြုရမည်။ ယင်းသို့သက်သာခွင့်ပြုပါက ပေးဆောင်ထားသော အကောက်ခွန် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်အမ်းနိုင်သည်။

## အခန်း(၄)
## အထွေထွေ

၁၂။ အကောက်ခွန်ဦးစီးဌာနသည် အာဆီယံနိုင်ငံများအကြား အတည်ပြုပို့ကုန်တင်ပို့သူကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာ၍ အကောက်ခွန်သက်သာခွင့်တောင်းခံသည့် ကုန်ပစ္စည်းများ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ကြိုတင်စစ်ဆေးရန်လိုအပ်သော ကုန်ပစ္စည်းဖြစ်ပါက ကြိုတင်စစ်ဆေးပြီးကိုက်ညီမှန်ကန်လျှင် အကောက်ခွန်သက်သာခွင့်ပြုရမည်။ ကွဲလွဲမှုရှိပါက အကောက်ခွန်သက်သာခွင့်အား ငြင်းပယ်ရမည်။

(ခ) ကြိုတင်စစ်ဆေးရန်မလိုအပ်သော ကုန်ပစ္စည်းဖြစ်ပါက သက်သာခွင့်ပြုပြီးနောက် မြေပြင်စစ်ဆေးမှုတွင် ကွဲလွဲမှုရှိပါက အကောက်ခွန်သက်သာခွင့်အား ပယ်ဖျက်ရမည်။

၁၃။ အကောက်ခွန်သက်သာခွင့်နှင့်စပ်လျဉ်း၍ မသမာမှုပြုလုပ်ထားကြောင်း အကောက်ခွန်ဦးစီးဌာနကဖြစ်စေ၊ သက်ဆိုင်ရာအခြားဌာနတစ်ခုခုကဖြစ်စေ စစ်ဆေးတွေ့ရှိပါက အကောက်ခွန်သက်သာခွင့်ကိုငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ရမည့်အပြင် တည်ဆဲအကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူရမည်။

၁၄။ အကောက်ခွန်သက်သာခွင့် သို့မဟုတ် ပင်ရင်းဒေသသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ကိစ္စရပ်ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၅။ အမိန့်ကြော်ငြာစာပါ လုပ်ထုံးလုပ်နည်းများသည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘစ/ဘဏ္ဍာ-၅/ ၁ /၅ (၂၆၈ /၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမိန့်အရ

မောင်မောင်ဝင်း
ဒုတိယဝန်ကြီး